**မြန်မာနိုင်ငံအား အတည်ပြုမှု**

အတည်ပြုမှု အစီရင်ခံစာ မူကြမ်း

သီးခြားလွတ်လပ်သော အတည်ပြုသူ Cowater Sogema

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်

## 1. အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၂ ဒီဇင်ဘာတွင် အမှတ်ကြော်ငြာစာအမှတ် ၉၉/၂၀၁၂ သမ္မတအမိန့်ဥပဒေကို ထုတ်ပြန်ပြီး EITI (သဘာဝ သယံဇာတ အရင်းအမြစ်တူးဖော်ရေးနှင့် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး) ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုခဲ့သည်။ ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့ အစည်းများ ပါဝင်သည့် အမြဲတမ်းအဖွဲ့တစ်ဖွဲ့(MSG) ကို ၂၀၁၂ ဒီဇင်ဘာတွင် ဖွဲ့စည်းခန့်အပ်ခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် ကျင်းပသည့် EITI ဘုတ်အဖွဲ့အစည်းအဝေးက မြန်မာနိုင်ငံကို EITI အရွေးခံသူအဖြစ် ၂၀၁၄ ဇူလိုင်လတွင် လက်ခံပေးခဲ့သည်။ ၂၀၁၆ EITI စံချိန်စံနှုန်းအရ မြန်မာနိုင်ငံအား အတည်ပြုမှုကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်မည်ဟု ဘုတ်အဖွဲ့က ၂၀၁၆ ခု အောက်တိုဘာလ ၂၅ ရက်နေ့တွင် သဘောတူညီခဲ့သည်။

ဤအတည်ပြုမှု အစီရင်ခံစာ မူကြမ်းသည် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ ကနဦးအကဲဖြတ်မှုအား အရည်အသွေး အာမခံချက် ပြန်လည်သုံးသပ်မှု တစ်ခုကို နောက်ဆက်တွဲ ဆောင်ရွက်မှုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၏ အချက်အလက် စုဆောင်းမှုနှင့် ပူးပေါင်းဆောင်ရွက်သူများ ဆွေးနွေးမှုများမှ ကနဦးအကဲဖြတ်မှုကို အတည်ပြုသူက သဘောတူသည်။ မြန်မာနိုင်ငံသည် EITI စံချိန်စံနှုန်း လိုအပ်ချက်များအားလုံးကို လောလောဆယ်တွင် ပြည့်မီမှု မရှိသေးကြောင်းနှင့်၊ လိုအပ်ချက်ရှစ်ခုမှာ အဓိပ္ပါယ်ရှိသော တိုးတက်မှုပြီး လိုအပ်ချက် သုံးခုမှာ တိုးတက်မှု မလုံလောက်ဟု အကဲဖြတ်ဆန်းစစ်ခဲ့သည်။

## 2. နောက်ခံ အကြောင်း

မြန်မာနိုင်ငံသည် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တွင် တစ်နှစ်လျှင် ၆.၈% တိုးတက်ကာ GDP တိုးတက်မှု အနေဖြင့် အာရှတွင် စီးပွားရေး ကြီးထွား တိုးတက်မှု အမြန်ဆန်ဆုံး နိုင်ငံများအနက်တစ်ခု အပါအဝင်ဖြစ်သည်။ [1]

အမျိုးမျိုးကွဲပြားခြားနားပြီး တူးဖော်ထုတ်ယူခြင်း မပြုရသေးသော ဘူမိဗေဒ အရင်းအမြစ်များကြောင့် လာမည့်နှစ်များအတွင်း သတ္တုတူးဖော်ရေးကို နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အင်အားများအနက် တစ်ခုအပါအဝင်အဖြစ် ကျယ်ပြန့်စွာ မှတ်ယူကြသည်။ မြန်မာနိုင်ငံရှိ တွင်းထွက် သတ္တုသိုက်များတွင် အခြေခံသတ္တုများ (ရွှေ၊ ကြေးနီ၊ ငွေ၊ ခဲ၊ သွပ်၊ မန်ဂနီးနှင့် ခနောက်စိမ်း) နှင့် စက်မှုလုပ်ငန်း သတ္တုပစ္စည်းများ (ဘိလပ်မြေ၊ ရွှံ့များ၊ ဂေါ်တန်ကျောက်၊ ဓာတ်မြေသြဇာ အခြေခံများ၊ အန္တကူ၊ ထုံးကျောက်၊ ဆားနှင့် ဘယ်ရိုက်) နှစ်မျိုးစလုံး ပါဝင်သည်။ [2] မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေးကဏ္ဍကို အကြီးစားနှင့် အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်း အပြင် သိသာထင်ရှားသော စည်းကမ်းမကြီးသည့် သတ္တုတူးဖော်ရေး လုပ်ငန်းများဖြင့်လည်း ပေါင်းစပ်ဖွဲ့စည်းထားသည်။ [3] နိုင်ငံတွင် တူးဖော်နေသည့် သတ္တုများအနက် ကြေးနီမှာ သတ္တုတူးဖော် ထုတ်လုပ်ရေးကဏ္ဍတွင် အကြီးမားဆုံး ပို့ကုန် သတ္တုဖြစ်သည်။ ရွှေ၊ သံနှင့် သံမဏိ၊ ထုံးကျောက်နှင့် အခြားစက်မှုလုပ်ငန်း တွင်းထွက်များ ကဲ့သို့သော ပစ္စည်းများကို ပြည်တွင်း သုံးစွဲမှုအတွက် ထုတ်လုပ်လျက်ရှိသည်။ [4]

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အရည်အသွေးမြင့်မားသည့် ကျောက်စိမ်း၏ အခြေခံ စီးပွားဖြစ် အရင်းအမြစ်တစ်ခုလည်းဖြစ်ကာ ကမ္ဘာ့ကျောက်စိမ်း ၉၀% ကို ဖားကန့်မှ ရရှိသည်။ [5] မြန်မာနိုင်ငံ၏ အဓိက ကျောက်မျက် ထုတ်လုပ်ရေး ဧရိယာများသည် ပထဝီအနေအထားအရ တောတောင် ထူထပ်သည့် အရှေ့မြောက် ဒေသများတလျောက်တွင် တည်ရှိကြသည်။ အဖိုးအတန်းဆုံး ကျောက်စိမ်း အမျိုးအစားဖြစ်သည့် Jadeite ကို

[1] ADB (၂၀၁၈) “မြန်မာ - စီးပွားရေး” ကို ၂၀၁၈ အောက်တိုဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[2] U.S. Geological Survey (2012), ‘Minerals Yearbook, Burma’, ကို ၂၀၁၅-၂၀၁၆ အစီရင်ခံစာတွင် ကိုးကားရေးသားထားသည်။

[3] MEITI (မတ် ၂၀၁၈) “ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၅၉၊ ၆၃-၆၄

[4] MEITI (ဒီဇင်ဘာလ ၂၀၁၈) “ဧပြီ ၂၀၁၃- မတ်၂၀၁၄ MEITI အစီရင်ခံစာ” ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၃၂

[5] Emma Irwin (July 2016) ကျောက်မျက်ကဏ္ဍလေ့လာဆန်းစစ်မှု

ယေဘုယျအားဖြင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တွေ့ရှိရသည်။ အခြားသော ကျောက်မျက် တွင်းထွက်များမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရှိကြသည်။[6] တန်ဖိုးအကြီးဆုံး ပတ္တမြားများ အပါအဝင် ကမ္ဘာ့ ပတ္တမြား ၈၀% - ၉၀% ကို မြန်မာနိုင်ငံတွင် တွေ့ရှိရသည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ၂၀၁၅ ခုနှစ် မေလတွင် "နေထွက် ပတ္တမြား"ဟု သိကြသည့် ရှားပါးသည့် မသွေးရသေးသော ၂၅.၅၉ ကာရက် "ခိုငှက်သွေး" မိုးကုတ် ပတ္တမြားသည် ဂျီနီဗာမြို့ Sotheby လေလံပွဲတစ်ခုတွင် အမေရိကန်ဒေါ်လာ ၃၀.၃၃ သန်းဖြင့် ကမ္ဘာ့စံချိန်တင် ရောင်းချခဲ့ရသည်။ တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၁ သန်းကျော်နှင့် ညီမျှခဲ့သည်။[7]

သို့ရာတွင် သတ္တုတူးဖော်ရေးနှင့် ကျောက်မျက်ကဏ္ဍများအား စီမံအုပ်ချုပ်မှု စိန်ခေါ်မှုများက မပြတ်မော့င်ရောင့်တားဆီးသည်၊ ထို့ကြောင့် ဤကဏ္ဍများ၏ နိုင်ငံစီးပွားရေးကို ထောက်ကူပံ့ပိုးမည့် အလားအလာကို ကန့်သတ်သည်။ နိုင်ငံ၏ တူးဖော်ထုတ်ယူခြင်း မပြုရသေးသည့် သိသာထင်ရှားသော ကျောက်မျက်နှင့် တွင်းထွက် အရင်းအမြစ်များကို ကျယ်ပြန့်စွာ အသိအမှတ်ပြုကြသော်လည်း တိုးချဲ့မွမ်းမံ ပြင်ဆင်ပြီး ဖြစ်သော ပထဝီဝင် အချက်အလက်များ ကင်းမဲ့ခြင်းသည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်မှုကို အဟန့်အတားပြုသည်။ သီးခြားလွတ်လပ်သော လေ့လာမှု အမျိုးမျိုးက  တရားဝင် ထုတ်လုပ်မှုနှင့် တင်ပို့မှု အချက်အလက်များနှင့် အခြားသော အချက်အလက် အရင်း အမြစ်များအကြား ကွဲလွဲခြင်းများကို ပြသသည်။  ဟားဗတ်တက္ကသိုလ် Ash စင်တာ/ Proximity Designs Report က ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပုံနှိပ်ထုတ်ဝေခဲ့သော အစီရင်ခံစာတစ်ခုဖြစ်သည့် မြန်မာ EITI[8] အား ပံ့ပိုးထောက်ကူလျက် ထုတ်ဝေခဲ့သည့် ကျောက်မျက် ကဏ္ဍ ပြန်လည်သုံးသပ်မှုအရ ၂၀၁၁ ခုနှစ်တွင် တင်ပို့ခဲ့သည့် ကျောက်စိမ်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇.၈ ဘီလီယံ ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပြီး  တရားဝင် ကိန်းဂဏန်းများထက် သုံးဆ ပိုမိုများပြားသည်။[9] New Cross Roads Asia ၏ "မြန်မာ စီးပွားရေး နောက်ဆုံးရ အချက်အလက်များ" က ၂၀၁၄ ခုနှစ်တွင် တရုတ်ပြည်သည် ကျောက်စိမ်းနှင့် ကျောက်မျက် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီယံ တင်သွင်းခဲ့သည်ဟု ပြဆိုသည့် တရုတ် အကောက်ခွန်ဌာန၏ အချက်အလက်ကို ကိုးကားခဲ့သည်။[10] အပြည်ပြည်ဆိုင်ရာ အင်ဂျီအို Global Witness ၏ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ ကျောက်စိမ်းကဏ္ဍနှင့် ပတ်သက်သည့် အစီရင်ခံစာက ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀.၉ ဘီလီယံအထိရှိသည့်ဟု ခန့်မှန်းတွက်ချက်ထားသည်။[11] စနစ်တကျဖြစ်သည့် ထုတ်လုပ်မှု စောင့်ကြည့်လေ့လာရေး နည်းလမ်းများ ကင်းမဲ့ခြင်းသည် ဝင်ငွေယိုစိမ့်မှုများနှင့် အဂတိလိုက်စားမှုများရှိသည်ဟု မှန်းဆမှုများကို ပိုမိုတိုးပွားစေခဲ့သည်။ NGRI က ထုတ်ဝေသည့် ၂၀၁၇ အရင်းအမြစ်များ စီမံခန့်ခွဲမှု အညွှန်းတွင် မြန်မာနိုင်ငံ၏ ကျောက်မျက် ကဏ္ဍသည် ၂၇/၁၀၀ ("ကျရှုံး") အမှတ်ရခဲ့သည်။ အဓိကအားဖြင့် လိုင်စင်ထုတ်ပေးသည့် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှု ကင်းမဲ့မှုကြောင့် အကဲဖြတ်ဆန်းစစ်မှု ၈၉ ပြုလုပ်ခဲ့အနက် မြန်မာနိုင်ငံသည် အဆင့် ၈၃ ချိတ်ခဲ့သည်။[12]

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ပထမဆုံး ရေနံတင်ပို့မှုကို ၁၈၅၃ ခုနှစ်တွင် စတင်ခဲ့ရာ ကမ္ဘာ့ရှေးအကျဆုံး ရေနံထုတ်လုပ်သူများအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။[13] အရှေ့တောင်အာရှတွင် ဒုတိယအကြီးမားဆုံးသော သဘာဝ ဓာတ်ငွေ့ထုတ်လုပ်ဖြစ်ကာ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ထုတ်လုပ်မှု တစ်သမတ်တည်းတိုးတက်လာခဲ့သည်။[14] ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ ၆၅၀ ဘီလီယံ ကုဗပေ (bcf) ထုတ်လုပ်ခဲ့ကာ ၂၀၁၅ -၂၀၁၆ ခုနှစ်တွင် ၇၀၀ (bcf) သို့ တိုးတက်လာခဲ့သည်။

---

[6] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၆၀

[7] Emma Irwin (July 2016)ကျောက်မျက်ကဏ္ဍလေ့လာဆန်းစစ်မှု

[8] Ibid.

[9] ဒီမိုကရေစီအုပ်ချုပ်မှုနှင့် ပြင်ဆင်မှုအတွက် အာ့ရှ်စင်တာ - ဂျွန်ကနေဒီအစိုးရကျောင်း၊ ဟားဗတ်တက္ကသိုလ် (ဇူလိုင် ၂၀၁၃)၊ အနာဂတ်ကိုဖန်တီးခြင်း - ဖယ်ဒရယ်အသစ်နှင့် စုစည်းမှုအတွက် သဘာဝရင်းမြစ်များကို အသုံးပြုခြင်း" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[10] အာရှလမ်းဆုံလမ်းခွအသစ် (ဖွန် ၂၀၁၅) "မြန်မာစီးပွားရေးနောက်ဆုံးသတင်း"ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[11] Global Witness (အောက်တိုဘာ ၂၀၁၅) "ကျောက်စိမ်း - မြန်မာနိုင်ငံ၏ ပြည်နယ်ကြီး၏ လျှို့ဝှက်ချက်" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[12] NRGI (2017), 'ရင်းမြစ်စီမံအုပ်ချုပ်မှုညွှန်ကိန်း ၂၀၁၇ - မြန်မာ' ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[13] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။  စာမျက်နှာ ၃၆

[14] Ibid.

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ သဘာဝဓာတ်ငွေ့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ ကျော် ဝင်ငွေရရှိခဲ့သည်။[15]

မြန်မာနိုင်ငံ အစိုးရသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ စူးစမ်းလေ့လာရေးနှင့် နိုင်ငံခြားတိုက်ရိုက်မြှုပ်နှံမှု (FDI) ကို တိုးမြှင့်ရန် လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် ထိပ်တန်း FDI ဆွဲဆောင်မှုများအနက် တစ်ခုအပါအဝင်အဖြစ် အဆင့်ချိတ်ကာ ကုန်ထုတ်လုပ်မှု၊ ဆက်သွယ်ရေး၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးတို့က ဦးဆောင်သည်။ ၂၀၁၇ ခု ဇန်နဝါရီလတွင် (စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ အနက်) FDI ၏ အမေရိကန်ဒေါ်လာ ၂၂.၄ ဘီလီယံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဖြစ်သည်။[16] IHS Global Insights ၏ ခန့်မှန်းတွက်ချက်မှုကို အခြေခံလျက် မြန်မာနိုင်ငံသည် အရန် သဘာဝဓာတ်ငွေ့ ၁၈ ထရီလီယံ ကုဗပေ (tcf) နှင့် အရန် ရေနံ စည်ပေါင်း ၃.၂ ဘီလီယံ ပိုင်ဆိုင်သည်။[17]

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်း ၆၇ ခု (ကုန်းပေါ်စီမံကိန်း ၂၉ ခုနှင့် ကမ်းလွန်စီမံကိန်း ၃၈ ခုအပါအဝင်) ရှိကာ ၎င်းတို့မှာ စူးစမ်းလေ့လာမှုနှင့် ထုတ်လုပ်မှုအဆင့်တွင် ရှိခဲ့သည်။ ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်း ရတနာ (TOTAL, Chevron နှင့် PTTEP ပေါင်းစည်းအဖွဲ့က အကောင်အထည်ဖော်သည့်)နှင့် ရဲတံခွန် (Petronas, PTTEP) တို့ကို ထိုင်းအစိုးရ ရေနံကုမ္ပဏီ PTT က လုပ်ငန်းလည်ပတ်ဆောင်ရွက်ပြီး တစ်နေ့လျှင် ကုဗပေ သန်းပေါင်း ၉၁၀ (mcf) နှင့် ကုဗပေ သန်းပေါင်း ၂၅၀ အသီးသီး ထုတ်လုပ်လျက်ရှိသည်။ "ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း" သည် ၅၀၀ mcf ဝန်းကျင်ထုတ်လုပ်ပြီး သဘာဝဓာတ်ငွေ့ကို တရုတ်အမျိုးသား ရေနံ ကော်ပိုရေးရှင်းသို့ ရောင်းချသည်။ 18

အတည်ပြုမှု လမ်းညွှန်နှင့် အညီ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးက အတည်ပြုမှု၏ ပထမအပိုင်းဖြစ်သော ကနဦး အချက်အလက် ကောက်ယူစုဆောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ EITI လိုအပ်ချက်များနှင့် နှိုင်းယှဉ်လျက် တိုးတက်မှုအား ကနဦး တန်ဖိုးဖြတ်မှု (ကနဦး အကဲဖြတ်ခြင်း) ပြင်ဆင်ခြင်းကို ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ ဆောင်ရွက်ချက်ကို အတည်ပြုမှု လမ်းညွှန်နှင့်အညီ လုပ်ဆောင်ခဲ့သလားဆိုသည်ကို တန်ဖိုးဖြတ်ဆန်းစစ်ရန် Cowater Sogema အား သီးခြားလွတ်လပ်သော အတည်ပြုသူအဖြစ် ခန့်အပ်ခဲ့သည်။ အတည်ပြုသူအဖြစ် Cowater Sogema ၏ အဓိကတာဝန်ဝတ္တရားများမှာ ကနဦး အကဲဖြတ်မှုအား ပြန်လည်သုံးသပ်ရန်နှင့် လိုအပ်သလို ပြင်ဆင်ရန်နှင့် ဤအတည်ပြုမှု အစီရင်ခံစာပါ ၎င်း၏ သီးခြားလွတ်လပ်သော ပြန်လည်သုံးသပ်မှုကို ဘုတ်အဖွဲ့မှတစ်ဆင့် အတည်ပြုမှု ကော်မတီသို့ တင်သွင်းရန်အတွက် အနှစ်ချုပ်ဖော်ပြရန်ဖြစ်သည်။

## 1. သီးခြားလွတ်လပ်သော အတည်ပြုသူက လုပ်ဆောင်သည့် အလုပ်

အတွင်းရေးမှူး၏ ကနဦး အကဲဖြတ်မှုအား Cowater Sogema ထံသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပေးပို့ခဲ့သည်။ ကျွန်ုပ်တို့၏ အတည်ပြုမှု အဖွဲ့က အတည်ပြုမှု လုပ်ငန်းစဉ်၏ ဤအပိုင်းကို ဤအဆင့်များဖြင့် ဆောင်ရွက်ခဲ့သည်။ (၁) အဖွဲ့ဝင်တစ်ဦးချင်းစီက EITI အကဲဖြတ်မှုအား အသေးစိတ် ပြန်လည်သုံးသပ်ကာ အမှတ်အသားပြုခြင်း (၂) ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့ အစည်း ပညာရှင်များက လိုအပ်ချက်များ ၁ နှင့် အရပ်ဘက်အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ကာ မှတ်ချက်ပြုခြင်း (၃) ဘဏ္ဍာရေးရာ ပညာရှင်များက လိုအပ်ချက်များ ၄၊ ၅ နှင့် ၆ တို့ကို အသေးစိတ် ပြန်လည်သုံးသပ်ကာ မှတ်ချက်ပြုခြင်း (၄) ပြန်လည်သုံးသပ်မှုများကို ပေါင်းစည်းကာ ဤအတည်ပြုမှု အစီရင်ခံစာ မူကြမ်းကို ထုတ်လုပ်ကာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးထံသို့ ပေးပို့ခြင်း။

## 2. အတည်ပြုမှု ကန့်သတ်ချက်များနှင့် ပတ်သက်သည့် ဝေဖန်ပြောဆိုမှုများ

အတည်ပြုသူသည် အတွင်းရေးမှူး၏ ကနဦး အကဲဖြတ်မှုအား သေချာစွာ ပြန်လည်သုံးသပ်ခဲ့ပြီး အတည်ပြုမှု လုပ်ငန်းစဉ်၏ အကန့်အသတ်များနှင့် ပတ်သက်၍ ဤအဆင့်တွင် ဝေဖန်ပြောဆိုစရာ မရှိပါ။

---

[15] အမေရိကန်ကုန်သွယ်ရေးဌာန (၂၀၁၇ ဇူလိုင်)၊ 'မြန်မာနိုင်ငံ ကုန်သွယ်ရေးလက်စွဲ'၊ ၂၀၁၈ စက်တင်ဘာလတွင် ဤ၌ ဖတ်ပါ။

[16] Ibid.

[17] NRGI (June 2016), 'နိုင်ငံဗျူဟာမှတ်စု - မြန်မာ' ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။

[18] MEITI (မတ် ၂၀၁၈) "ဧပြီ ၂၀၁၅- မတ်၂၀၁၆ MEITI အစီရင်ခံစာ" ကို ၂၀၁၈ စက်တင်ဘာတွင် ဤနေရာမှ ဝင်ရောက်ဖတ်ရှုနိုင်သည်။ စာမျက်နှာ ၃၆

## 3. အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး၏ ကနဦး အကဲဖြတ်မှုနှင့် ပတ်သက်သည့် ဝေဖန်ပြောဆိုမှုများ

ကနဦး အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ နှင့် ကနဦး အကဲဖြတ်မှု မူကြမ်းရေးဆွဲခြင်းတို့ကို ယေဘုယျအားဖြင့် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးက ၂၀၁၆ အတည်ပြုမှု လမ်းညွှန်နှင့် အညီ ဆောင်ရွက်ခဲ့သည်။ အချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို အဆင့် သုံးဆင့်ဖြင့် ပြုလုပ်ခဲ့သည်။ EITI စံချိန်စံညွှန်းများအား မြန်မာနိုင်ငံ၏ လိုက်နာမှုနှင့် ဆက်နွယ်နေသည့် ရရှိနိုင်သည့် အောက်ပါတို့ ပါဝင်ပြီး ကန့်သတ်မထားသော မှတ်တမ်းမှတ်ရာများကို ပထမဦးစွာ ဆန်းစစ်မှု ပြုလုပ်ခဲ့သည်။

- ဘဏ္ဍာရေးနှင့် ဆက်သွယ်ပြောဆိုရေးစီမံကိန်းများကဲ့သို့သော EITI လုပ်ငန်းစီမံကိန်းနှင့် အခြား စီမံကိန်း စာရွက်စာတမ်းများ
- ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၏ အစည်းအဝေး မှတ်တမ်းများ
- EITI အစီရင်ခံစာများနှင့် အနှစ်ချုပ်အစီရင်ခံစာနှင့် ခြုံငုံလေ့လာခြင်းကဲ့သို့သော ဖြည့်စွက်အချက်အလက်များ
- ဆက်သွယ်ပြောဆိုရေး စာရွက်စာတမ်းများ
- နှစ်စဉ်တိုးတက်မှု အစီရင်ခံစာများနှင့်
- အတည်ပြုခြင်းနှင့် သက်ဆိုင်သော အခြားအချက်အလက်များ

ဒုတိယအနေဖြင့် နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ရာ ၂၀၁၈ ဩဂုတ်လ ၈ - ၁၇ ရက် အထိကြာမြင့်ခဲ့သည်။ အစည်းအဝေးများ အားလုံးကို နေပြည်တော်နှင့် ရန်ကုန်တွင် ကျင်းပခဲ့သည်။ အတွင်းရေးမှူးသည် ကဏ္ဍစုံမှမိတ်ဖက်အဖွဲ့အစည်းများအုပ်စုတွင်  တိုက်ရိုက်မပါဝင်သော်လည်း ကိုယ်စားပြုသော မိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် ကဏ္ဍစုံမှမိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အမှီအခိုကင်းသော အုပ်ချုပ်သူများနှင့် အခြား အဓိက ပါဝင်သူများနှင့် တွေ့ဆုံသည်။ MSG အား အုပ်စုတစ်အနေဖြင့် တွေ့ဆုံခြင်းအပြင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးသည် သင့်လျော်သော စည်းမျဉ်း စည်းကမ်းများနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အမြင်များကို လွတ်လပ်စွာ ဖော်ပြနိုင်ခြင်းနှင့် လျှို့ဝှက်ချက် မပေါက်ကြားရန် တောင်းဆိုမှုကို အလေးအနက်ထားခြင်းဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် အစိတ်အပိုင်းများ (အစိုးရ၊ ကုမ္ပဏီများနှင့် အရပ်ဖက်အဖွဲ့အစည်း) နှင့် တစ်ဦးချင်း သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့လိုက် တွေ့ဆုံသည်။

နောက်ဆုံးတွင် အတည်ပြုမှု လမ်းညွှန်နှင့် အညီ လိုအပ်ချက်များနှင့် နှိုင်းယှဉ်လျက် တိုးတက်မှုကို ကနဦး ဆန်းစစ်မှုပြုလုပ်ထားသည့် အစီရင်ခံစာတစ်စောင်ကို အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးက ပြင်ဆင်ရေးသားခဲ့သည်။ ဤကနဦး ဆန်းစစ်မှုတွင် လိုက်နာဆောင်ရွက်မှု ယေဘုယျ အကဲဖြတ်ဆန်းစစ်ချက် တစ်ခု မပါဝင်ပေ။

## 2. အထွေထွေ ဝေဖန်ပြောဆိုမှုများ

- **EITI အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများ**

အစိုးရ၏ ပါဝင်လုပ်ဆောင်မှုသည် ကျေနပ်ဖွယ်ရာဖြစ်ပုံပေါ်ပြီး ကုမ္ပဏီများ ပူးပေါင်းပါဝင် လုပ်ဆောင်လာမှု တိုးတက်လာရန် အခွင့်အလမ်းများလည်း ရှိလာသည်ဟု ဤအစီရင်ခံစာက ကောက်ချက်ချသည်။ ပိုမိုကျယ်ပြန့်သော နယ်ပယ်တွင် ပါဝင်လာခြင်းနှင့် ဖော်ပြထားသော အချက်အလက် အနည်းငယ် ထက် ကျော်လွန်သော ဖြစ်စဉ်ကို ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းကို ပိုမိုလုပ်ဆောင်နိုင်လာပေမည်။ မြန်မာနိုင်ငံတွင် EITI လုပ်ငန်းစဉ်၏ အားသာချက်များတွင် အကောင်အထည်ဖော်မှုကို ကြီးကြပ်နေသည့် ကောင်းစွာ လုပ်ဆောင်နေသော ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမှ ပံ့ပိုးပေးသော ရှင်းလင်းသည့်ခေါင်းဆောင်မှု၊ သယံဇာတထုတ်ယူမှု ကဏ္ဍနှင့်ပတ်သက်သော အဓိပ္ပာယ်ရှိသည့် ဆွေးနွေးမှုများကို လုပ်ဆောင်သည့် မြို့ပြ လူ့အဖွဲ့အစည်းနှင့် အချက်အလက်များကို တင်ပြရာတွင် အပြည့်အဝပါဝင်သော ကုမ္ပဏီများ ပါဝင်သည်။

ယနေ့အထိ ထုတ်ဝေခဲ့သည့် MEITI အစီရင်ခံစာ သုံးစောင်မှ ထောက်ခံအကြံပြုချက်များမှာ ကျောက်မျက်ကဏ္ဍစီမံခန့်ခွဲမှုနှင့် နိုင်ငံပိုင်လုပ်ငန်းများ (SOEs) ထိန်းချုပ်မှုများအား ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း ကဲ့သို့သော အနှစ်သာရရှိသည့် မူဝါဒပြုပြင် ပြောင်းလဲမှုများနှင့် အခွန်သတ်မှတ်ခြင်းအရေအတွက်ကို ရွေးချယ်လက်ခံခြင်းနှင့် သတ္တုတွင်း ပိုင်ဆိုင်မှုကို အွန်လိုင်းတွင် တင်ပေးထားခြင်းကဲ့သို့သော

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး စနစ်များ တိုးတက်မှုကို အဓိကဦးတည်ထားသည်။ စာချုပ်ဖြင့် အပြည့်အဝအကုန်အစင် ဖွင့်ဟ ပြောပြရန် တွန်းအားပေးမှုကဲ့သို့သော ကုမ္ပဏီများ၏ တာဝန်ယူမှုတာဝန်ခံမှု တိုးမြင့်လာစေရန်နှင့် အကျိုးရှိသော ပိုင်ဆိုင်မှုအပေါ် ပွင့်လင်းမြင်သာအောင် ချပြခြင်း အတွက် ဥပဒေဆိုင်ရာမူဘောင်ကို ပြဋ္ဌာန်းရန်အတွက် EITI သတ်မှတ်ချက်များကို ရှင်းနီး မတည်ရန် ညွှန်ကြားမှုများလည်းရှိသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုအဆင့် ကွဲပြားသော်လည်း MSG ဆွေးနွေးမှုနှင့် ညွှန်ကြားချက်များ အားလုံးနီးပါးကို လိုက်နာလုပ်ဆောင်သော သက်သေသာဓကရှိသည်။

- **EITI ကို အကောင်အထည်ဖော်ခြင်း၏ သက်ရောက်မှုများ**

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ အကောင်အထည်ဖော်ရာတွင် အောင်မြင်မှု အတိုင်းအတာ အမျိုးမျိုးဖြင့် ထောက်ခံ အကြံပြုချက်များ အားလုံးနီးပါးနှင့် ပတ်သက်၍ MSG ၏ ဆွေးနွေးမှု နှင့် နောက်ဆက်တွဲဆောင်ရွက်မှု သက်သေအထောက်အထားများရှိသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ EITI ကို အကောင်အထည်ဖော်ရာတွင် အားနည်းချက်များရှိနေသည်။ အားနည်းသော အစိုးရစနစ်များက အချက်အလက် အရေးအသွေးနှင့်ဆက်စပ်သော ပြဿနာရပ်များကို ပေါ်ပေါက်စေသည်၊ အထူးသဖြင့် ထုတ်လုပ်မှုအရည်အသွေးနှင့် ပို့ကုန် အချက်အလက်များကို လူထုက သိသာစွာ မေးခွန်းထုတ်လျက်ရှိသည့် ကျောက်မျက်ကဏ္ဍတွင် ဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများကို လူသိရှင်ကြား မှတ်ပုံတင်မှု မရှိခြင်းကလည်း အများပြည်သူတိုင်း ရရှိနိုင်သော လိုင်စင် ချထားပေးရေး အချက်အလက်များ ပြည့်စုံနားလည်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ လုပ်ငန်းလည်ပတ်မှုနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ စာရင်းများကို လျှို့ဝှက်ထားခြင်းကလည်း နိုင်ငံ၏ ပါဝင်လုပ်ဆောင်မှုနှင့် ဝင်ငွေများကို စီမံခန့်ခွဲမှု နှင့်ပတ်သက်သော EITI သတ်မှတ်ချက်များစွာကို မပြည့်မီစေသော နောက်ထပ် အကြောင်းရင်း တစ်ခုဖြစ်သည်။ စာချုပ်ဖြင့် ဖွင့်ဟပြောပြမှုနှင့်ဆက်စပ်နေသော အစိုးရ၏ မူဝါဒကို အစီရင်ခံစာတွင် ရှင်းလင်းစွာဖော်ပြထားသော်လည်း လက်တွေ့တွင် စာချုပ်ဖြင့် ဖွင့်ဟပြောပြမှုမရှိခြင်းသည် မဖြစ်မနေလုပ်ရသော လူမှုရေးအသုံးစရိတ်များနှင့် ဆက်စပ်နေသော အရာများကဲ့သို့သော စာချုပ်ပါ အဓိက စည်းကမ်းသတ်မှတ်ချက်များ ရှိနေခြင်းအပေါ် နားလည်မှုလွဲစေသည်။

မြန်မာနိုင်ငံ၏ EITI ကို အကောင်အထည်ဖော်ခြင်း၏ အရည်အသွေးကို ယနေ့အထိ နှိမ့်ချပြောဆိုခြင်းမရှိသော်လည်း EITI အစီရင်ခံတင်ပြသည့် လက်ရှိ နယ်ပယ်တွင် ဖုံးကွယ်ထားခြင်းမရှိသော နိုင်ငံအတွက်စိုးရိမ်ဖွယ် အခြားကိစ္စရပ်များတွင် အချက်အလက်ကို အများပြည်သူထံ ဖော်ပြရန် ရှင်းလင်းစွာ တောင်းဆိုမှု ပြုနေကြပြီဖြစ်သည်။
ဥပမာအားဖြင့် သယံဇာတ တူးဖော်မှုကဏ္ဍတွင် များပြားသော အကျိုးအမြတ်များ ရရှိနေသည်ဟု သိထားကြသော်လည်း EITI ကို အကောင်အထည်ဖော်ခြင်းတွင် ယနေ့အထိ လုံလောက်စွာပါဝင်မှုမရှိသော စစ်တပ်နှင့်ဆက်နွယ်နေသည့် ကုမ္ပဏီနှစ်ခု (UMEHL နှင့် MEC) တို့နှင့်ပတ်သက်၍ ပိုမိုရှင်းလင်းသော အချက်များကို EITI အနေဖြင့် ပေးနိုင်ရမည်ဖြစ်သည်။ EITI အနေဖြင့် အခွန်ဘဏ္ဍာဝင်ငွေကို ယိုပေါက်ဖြစ်ခြင်းမှ ကာကွယ်ရန် ကျောက်မျက်ကဏ္ဍတွင် ပြည့်စုံသော ထုတ်လုပ်မှုနှင့် ပို့ကုန်အချက်အလက်များကို သေချာစွာ ရရှိနိုင်ရန်အတွက် ကျောက်မျက်ပြပွဲ အပြင်ဘက်ရှိ အရောင်းအဝယ်စာရင်းများ၏ အတိုင်းအတာပမာဏကိုလည်း ပိုမိုရှင်းပြ နိုင်ရမည်ဖြစ်သည်။ နောက်ဆုံး အချက်အနေဖြင့် EITI တွင် နိုင်ငံပိုင်လုပ်ငန်းများ၏ အခြားဘဏ်စာရင်းများမှတဆင့် စီမံထားသော ရံပုံငွေ ထိန်းသိမ်းမှုများအပါအဝင် ၎င်းတို့၏ ဘဏ္ဍာရေးစီမံမှုကို ပိုမိုရှင်းလင်းစွာ တင်ပြရမည့် တာဝန်လည်းရှိသည်။

.

## သီးခြားလွတ်လပ်သော အတည်ပြုသူ လိုက်နာကျင့်ဆောင်မှု အကဲဖြတ်ချက်

*ပုံ ၁- အတည်ပြုသူ၏ အကဲဖြတ်ချက်*

| သတ်မှတ်ချက်များ | | တိုးတက်မှုအဆင့် | | | | |
|---|---|---|---|---|---|---|
| အမျိုးအစားများ | သတ်မှတ်ချက်များ | တိုးတက်မှုမရှိ | မလုံလောက် | အဓိပ္ပါယ်ရှိ | ကျေနပ်ဖွယ် | ထိုထက်ပို |
| MSG ကြီးကြပ်မှု | အစိုးရ ပါဝင်မှု (#1.1) | | | | ■ | |
| | လုပ်ငန်း ပါဝင်မှု (#1.2) | | | ■ | | |
| | ပြည်သူလူထုအဖွဲ့အစည်း ပါဝင်မှု (#1.3) | | | | ■ | |
| | MSG အုပ်ချုပ်မှုစနစ် (#1.4) | | | | ■ | |
| | လုပ်ငန်းစီမံကိန်း (#1.5) | | | | ■ | |
| လိုင်စင်နှင့် စာချုပ်များ | ဥပဒေမူဘောင် (#2.1) | | | | ■ | |
| | လိုင်စင်ခွဲတမ်းများ(#2.2) | | | ■ | | |
| | လိုင်စင်မှတ်ပုံတင်(#2.3) | | | ■ | | |
| | စာချုပ်ကို တင်ပြမှုမူဝါဒ (#2.4) | | | | ■ | |
| | အကျိုးခံစားခွင့်ပိုင်ဆိုင်မှု(#2.5) | | | | | |
| | ပြည်နယ်၏ ပါဝင်လုပ်ဆောင်မှု(#2.6) | | | ■ | | |
| ထုတ်လုပ်မှုကို ကြီးကြပ်ခြင်း | အချက်အလက်ရှာဖွေခြင်း(#3.1) | | | | ■ | |
| | ထုတ်လုပ်မှုအချက်အလက်(#3.2) | | | ■ | | |
| | ပို့ကုန်အချက်အလက်(#3.3) | | | ■ | | |
| ဝင်ငွေကောက်ခံခြင်း | ဘက်စုံကျယ်ပြန့်မှု (#4.1) | | | | ■ | |
| | ငွေဖြင့်မဟုတ်သော ဝင်ငွေများ(#4.2) | | | ■ | | |
| | ကုန်ဖလှယ်မှု သဘောတူညီချက်(#4.3) | | | | | |
| | သယ်ယူပို့ဆောင်ရေးဝင်ငွေများ(#4.4) | | | | ■ | |
| | SOE ရောင်းဝယ်မှုစာရင်းများ(#4.5) | | | ■ | | |
| | တိုက်ရိုက်ဒေသန္တရပေးချေမှုများ(#4.6) | | | | | |
| | အမျိုးအစားခွဲခြားခြင်း(#4.7) | | | | ■ | |
| | အချက်အလက်အချိန်မီခြင်း(#4.8) | | | | ■ | |
| | အချက်အလက်အရည်အသွေး(#4.9) | | | | ■ | |
| ဝင်ငွေခွဲတမ်းချခြင်း | ဝင်ငွေများကို ဖြန့်ဝေခြင်း(#5.1) | | ■ | | | |
| | တိုင်းဒေသကြီး/ပြည်နယ် လွှဲပြောင်းမှုများ(#5.2) | | | | | |
| | ဝင်ငွေစီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ(#5.3) | | | | | |
| လူမှု-စီးပွားရေးတွင် ပါဝင်မှု | တရားဝင်သတ်မှတ်သော လူမှုရေးအသုံးစရိတ်များ(#6.1) | | ■ | | | |
| | SOE ၏ နိုင်ငံတော်ဘဏ္ဍာရေးမှ မဟုတ်သော အသုံးစရိတ်များ(#6.2) | | ■ | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | စီးပွားရေးအရ ပါဝင်မှု(#6.3) | | | | | |
| ရလဒ်များနှင့် သက်ရောက်မှု | ပြည်သူလူထုဆွေးနွေးမှု(#7.1) | | | | | |
| | အချက်အလက်ရနိုင်မှု(#7.2) | | | | | |
| | အကြံပြုချက်များကို လိုက်နာလုပ်ဆောင်မှု(#7.3) | | | | | |
| | ရလဒ်များနှင့် အကောင်အထည်ဖော်ခြင်းရိုက်ခတ်မှု(#7.4) | | | | | |

## *အကဲဖြတ်ကာဒ်အညွှန်း*

**တိုးတက်မှုမရှိ** - သတ်မှတ်ချက်၏ ကဏ္ဍများအားလုံး သို့မဟုတ် အားလုံးနီးပါးသည် သိသာစွာရှိနေပြီး သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သောဦးတည်ချက် မပြည့်မီခြင်း။

**တိုးတက်မှုမလုံလောက်** - သတ်မှတ်ချက်၏ သိသာထင်ရှားသော ကဏ္ဍများကို အကောင်အထည်မဖော်ရသေးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီရန် အတော်လိုအပ်နေသေးခြင်း။

**အဓိပ္ပာယ်ရှိသော တိုးတက်မှု** - သတ်မှတ်ချက်၏ သိသာထင်ရှားသော ကဏ္ဍများကို အကောင်အထည်ဖော်ပြီးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီခြင်း။

**ကျေနပ်ဖွယ်တိုးတက်မှု** - သတ်မှတ်ချက်၏ ကဏ္ဍများအားလုံးကို အကောင်အထည်ဖော်ပြီးသည့်အပြင် သတ်မှတ်ချက်များ၏ ပိုမိုကျယ်ပြန့်သော ဦးတည်ချက်ကို ပြည့်မီခြင်း။

**ထို့ထက်ပို၍** - နိုင်ငံသည် သတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန်ခြင်း။

ဤသတ်မှတ်ချက်သည် တိုက်တွန်းခြင်း သို့မဟုတ် အကြံပြုခြင်းဖြစ်ပြီး လေးစားလိုက်နာမှုကို အကဲဖြတ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း မရှိသင့်။

MSG အနေဖြင့် ဤသတ်မှတ်ချက်ကို နိုင်ငံအတွင်း အကျုံးအဝင်ဟု သရုပ်ပြထားခြင်း။

## 3. အသေးစိတ် တွေ့ရှိချက်များ

ကနဦး အကဲဖြတ်ဆန်းစစ်ချက်၏ တွေ့ရှိချက်များကို အတည်ပြုသူက သဘောတူသည်၊ ထို့ကြောင့် ထပ်လောင်း ရှင်းလင်းပြောပြမှု မလိုအပ်ပေ။

### အကြံပြုချက်များ

ဤကနဦးအကဲဖြတ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားသော သီးသန့် တိုးတက်ကောင်းမွန်မှုများနှင့် မြန်မာနိုင်ငံတွင် EITI ကို ပြန်လည်တည်ဆောက်ရေးကို ပံ့ပိုးသော ကိရိယာအဖြစ် ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ရန် ကူညီပေးနိုင်သည့် နည်းဗျူဟာကျ၍ မှန်ကန်သော လုပ်ဆောင်ချက်များအတွက် အကြံပြုချက်များ ပါဝင်သည်။

၁။ သတ်မှတ်ချက် ၁-၁ အရ နိုင်ငံရှိ လုပ်ပိုင်ခွင့်အာဏာရှိသည့် အစိုးရအရာရှိကြီးများက MSG အစည်းအဝေးတွင် ပါဝင်ရန် ဆုံးဖြတ်ချက်များချရန်အတွက် သေချာအောင်ပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်သည်။

၂။ သတ်မှတ်ချက် ၁-၂ အရ မြန်မာနိုင်ငံသည် ကုမ္ပဏီများကို အထူးသဖြင့် စစ်တပ်နှင့်ပတ်သက်သော ကုမ္ပဏီများနှင့် MSG အပြင်ဘက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ EITI လုပ်ငန်းစဉ်တွင် ပြည့်ဝစွာ တက်ကြွစွာနှင့် ထိရောက်စွာ ပါဝင်အောင် ပြုလုပ်ရမည်။ ထိုကုမ္ပဏီများ ပါဝင်လုပ်ဆောင်ရန် အခက်အခဲများရှိပါက အစိုးရအနေဖြင့် သတ်မှတ်ချက် ၁-၂ (ခ) အရ EITI အကောင်အထည်ဖော်ခြင်းတွင် လက်တွေ့လုပ်ဆောင်မှုများနှင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံခန့်ခွဲရေးစည်းကမ်းများနှင့် အညီကုမ္ပဏီများပါဝင်နိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်။

၃။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် ပူးပေါင်းပါဝင်နိုင်မှုနယ်ပယ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်မှုနှင့် လုပ်ဆောင်နိုင်မှုကို အခက်အခဲဖြစ်စေသည့် CSO များ၏ ဥပဒေသတ်မှတ်ချက်များကို အကဲဖြတ်ခြင်းလည်း ပါဝင်သော EITI အကောင်အထည်ဖော်ခြင်း၏ ကဏ္ဍအားလုံးတွင် ပြည်သူတစ်ရပ်လုံး ထိရောက်စွာ ပါဝင်နိုင်ရန်အတွက် တရားဥပဒေဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုကို အဆက်မပြတ်ဖန်တီးပေးနိုင်အောင် ပံ့မှန်အနီးကပ်စောင့်ကြည့်ရန် EMSG ကို တိုက်တွန်းထားသည်။ စုဝေးခွင့်နှင့် လွတ်လပ်စွာ ပြောဆိုခွင့်အပါအဝင် အရပ်ဖက်အဖွဲ့အစည်းကို ကန့်သတ်မှုများ သတ်မှတ်သည့် ဥပဒေများကို အစိုးရအနေဖြင့် ပြင်ဆင်ရန် စဉ်းစားနိုင်ရမည်။ လွတ်လပ်စွာပြောဆိုခွင့်နှင့် အပြစ်ပေးခံရရန် ကြောက်လန့်ခြင်းတို့ကို ထိန်းချုပ်ထားသော အချက်များကို ဦးတည်ဆွေးနွေးနိုင်သော အပြုသဘောဆောင်သော စကားဝိုင်းများကို ပြည်သူလူထုနှင့် ပြုလုပ်နိုင်မည့် အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စေနိုင်ရမည်။

၄။ သတ်မှတ်ချက် ၁-၄ အရအကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် သတ်မှတ်ချက် ၁-၄ (ခ-၆) နှင့်အညီ နယ်ပယ်တစ်ခုစီအတွက် MSG ကိုယ်စားလှယ်များကို ပြောင်းလဲခြင်းနှင့် ရွေးချယ်ခြင်းအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်ကို ပြဋ္ဌာန်းရန်နှင့် သဘောတူခွင့်ပြုရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်သည်။ နယ်ပယ်တစ်ခုချင်းစီကိုလည်း MSG အစည်းအဝေးများသို့ တက်ရောက်သော ၎င်းတို့ကိုယ်စားလှယ်များ၏ အဆင့်အနေအထားသည် မြန်ဆန်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ကြောင်း သေချာစေရန် တိုက်တွန်းနှိုးဆော်သည်။ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကို ၎င်းတို့၏ နယ်ပယ်အတွင်း နည်းလမ်းတကျဆွေးနွေးအကြံပေးမှုနှင့် အကဲဖြတ်မှုနည်းလမ်းကို ကျင့်သုံးရန်လည်း တိုက်တွန်းနှိုးဆော်သည်။

၅။ သတ်မှတ်ချက် ၁-၅ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းစီမံကိန်းချမှတ်ရာတွင် ပိုမိုကျယ်ပြန့်သော နယ်ပယ်အုပ်စုများ၏ အချက်အလက်များကို အကဲဖြတ်မှုများနှင့် စစ်ဆေးလေ့လာခြင်းအတွက် နည်းစနစ်တစ်ခုကို သတ်မှတ်လိုသည်။ MSG သည် လုပ်ငန်းစီမံကိန်း ဦးတည်ချက်များနှင့် နိုင်ငံဦးစားပေးလိုအပ်ချက်များ ချိတ်ဆက်နေပုံကို ဆွေးနွေးခြင်းအပါအဝင် EITI အကောင်အထည်ဖော်ခြင်းကို ထိရောက်စွာ အကျိုးရှိစေမည့် MSG အဖွဲ့ဝင်များ၏ အရည်အသွေးကို ကန့်သတ်နေသော အချက်များကိုလည်း ဖော်ထုတ်နိုင်ရန် စဉ်းစားဆုံးဖြတ် နိုင်ရမည်။ ထို့အပြင် လုပ်ဆောင်ချက်တစ်ခုစီအတွက် ရံပုံငွေရင်းမြစ်ကိုလည်း အနာဂတ်လုပ်ငန်းစီမံကိန်းတွင် ထည့်သွင်းစဉ်းစားနိုင်ရမည်။

၆။ သတ်မှတ်ချက် ၂-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအတွင်း အစိုးရဝက်ဘ်ဆိုက်များကဲ့သို့ အများပြည်သူ ဖတ်နိုင်သည့် ပလက်ဖောင်းများတွင် MEITI အစီရင်ခံစာများတွင် တင်ပြထားသော အချက်အလက်များကို ဆွေးနွေးသောအခါ သုံးသော အသေးစိတ် အချက်အလက်များကိုရရှိနိုင်အောင် ပြုပြင်ပြောင်းလဲခြင်း အပါအဝင် သယံဇာတတူးဖော်မှုကဏ္ဍ ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း မူဘောင်နှင့် သက်ဆိုင်သော အချက်အလက်များကို ပြုစုရေးသားရန် အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၇။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၂ (က - ၂) အရ မြန်မာနိုင်ငံအနေဖြင့် ဓာတ်သတ္တုနှင့် ကျောက်မျက်ကဏ္ဍတွင် လိုင်စင်များချပေးရာတွင် သုံးသော နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို တင်ပြရန် လိုအပ်သည်။ သတ်မှတ်ချက် ၂-၂(က-၄) နှင့်အညီ

လိုင်စင်ချပေးခြင်းကို လုပ်ဆောင်ရန် အကျုံးဝင်သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း မူဘောင်မှ အသေးအဖွဲမဟုတ်သော တိမ်းစောင်းမှုများကိုလည်း MSG သည် ဆွေးနွေးခြင်း ပြုရမည်။ လိုင်စင်လွှဲပြောင်းခြင်းဆိုင်ရာ စည်းမျဉ်းများ အထူးသဖြင့် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍတွင် ခွင့်ပြုခြင်းရှိမရှိကိုလည်း MSG က ရှင်းလင်းစွာ ပြောကြားသင့်သည်။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၂ အရ လိုအပ်သော အချက်အလက်အားလုံးကို စံသတ်မှတ်ချက်အရ လိုအပ်သော အသေးစိတ်အနေအထားဖြင့် စနစ်တကျ တင်ပြရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၈။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၂-၃ အရ မြန်မာနိုင်ငံအနေဖြင့် EITI ၏ အစီရင်ခံစာတွင် မပါရှိသော အောက်ပါအချက်အလက်များ- ME ကဏ္ဍများစွာ၏ ပူးပေါင်းပါဝင်မှုများ၊ လျှောက်လွှာနေ့စွဲများ၊ ဆုများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုလိုင်စင်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတစ်ခုစီ၏ ကုန်ပစ္စည်းများနှင့်ပတ်သက်မှုများကို လူသိရှင်ကြား တင်ပြရန်လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် သတ်မှတ်ချက် ၂-၃ အရ လိုအပ်သော လိုင်စင်အချက်အလက်များ ကို အစိုးရ၏ ပုံမှန်လည်ပတ်မှုနှင့် အချက်အလက်ကို စနစ်တကျ တင်ပြခြင်းအဖြစ် တရားဝင်မှတ်တမ်းတင်ခြင်းဖြင့် တင်ပြရမည်။

၉။ သတ်မှတ်ချက် ၂-၄ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံအနေဖြင့် ယခင်တင်ပြခဲ့သော EITI အစီရင်ခံစာသုံးခုတွင် ပါရှိသော သယံဇာတတူးဖော်မှု ကန်ထရိုက်စာချုပ်များအားလုံးကို အပြည့်အဝတင်ပြရန် စဉ်းစားဆုံးဖြတ်သင့်သည်။ PCS တို့တွင် ပါရှိသော လျှို့ဝှက်အချက်အလက်များနှင့် သတ္တုတူးဖော်မှုများကို ပြန်လည်ထည့်သွင်းစဉ်းစားရန်လည်း အကြံပြုထားသည်။

၁၀။ သတ်မှတ်ချက် ၂-၆ အရ မြန်မာနိုင်ငံအနေဖြင့် သယံဇာတတူးဖော်မှုပရောဂျက်များတွင် SOE များအားလုံး၏ ရှယ်ယာတန်ဖိုးနှင့် ဆက်စပ်နေသော အသေးစိတ်အချက်အလက်များကိုလည်း တင်ပြရန်လိုအပ်သည်။ စီမံကိန်းလည်ပတ်မှု၏ အဆင့်များစွာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍရှိ အထွေထွေအသုံးစရိတ်များနှင့် ဖက်စပ်ပါတနာများကိုယ်စား အခွန်ဆောင်ရခြင်းအချက်အလက်များ အပါအဝင် အသုံးစရိတ်များကို ကုန်ကျခံရသော SOE ၏ တာဝန်ဝတ္တရားကိုလည်း တင်ပြသင့်သည်။ MOPF သည် SOE များကို ထောက်ပံ့ပေးအပ်သော ချေးငွေအာမခံမှုအချက်အလက်များနှင့် ထိန်းသိမ်းထားသော ဝင်ငွေများအပေါ် သတ်မှတ်စည်းကမ်းများကို တင်ပြသင့်သည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသည် UMEHL နှင့် MEC ကို အစိုးရပိုင်ကော်ပိုရေးရှင်းများ ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း တင်ပြရန်လိုအပ်သည်။ အကယ်၍ အစိုးရပိုင်ကော်ပိုရေးရှင်းများဖြစ်လျှင် သတ်မှတ်ချက် ၁-၂ အရ MSG အနေဖြင့် EITI အစီရင်ခံခြင်း လုပ်ငန်းစဉ်နယ်ပယ်အတွင်း ပါဝင်ခြင်းနှင့် MEITI အစီရင်ခံစာတွင် တင်ပြထားသော တူးဖော်မှုစီမံကိန်းများတွင် ၎င်း၏ အကျိုးစီးပွားများ၏ ဘက်စုံပါဝင်မှုကို အကဲဖြတ်ခြင်းတို့ဖြင့် EITI လုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်ရန် လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် MOGE ၏ အထွေထွေဝင်ငွေကို စစ်ဆေးရန် တိုက်တွန်းလိုသည်။

၁၁။ သတ်မှတ်ချက် ၃-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ သယံဇာတ တူးဖော်မှု လုပ်ဆောင်ချက်များဆိုင်ရာ အချက်အလက်များကို MONREC နှင့် MEE ကဲ့သို့ သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၏ ဝက်ဘ်ဆိုက်များတွင် စနစ်တကျ ပုံမှန်တင်ပြသင့်သည်။

၁၂။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၃-၂ အရ မြန်မာနိုင်ငံသည် ကျောက်စိမ်းနှင့် ကျောက်မျက်ကုန်များ၏ ထုတ်လုပ်မှုပမာဏနှင့် တန်ဖိုးကို တင်ပြရန်လိုအပ်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် EITI အစီရင်ခံစာနယ်ပယ်အတွင်း ကျောက်မျက်ပြပွဲ အပြင်ဘက်ရှိ အရောင်းအဝယ်ဆိုင်ရာ ပို့ကုန်အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစိုးရ၏ သတင်းပလက်ဖောင်းများ မှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၃။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၃-၃ အရမြန်မာနိုင်ငံအနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်များ၏ ပို့ကုန်ပမာဏနှင့် တန်ဖိုးဆိုင်ရာ ဘက်စုံအချက်အလက်များကိုလည်း နယ်ပယ်ခွဲခြား၍ တင်ပြသင့်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် MSG အနေဖြင့် EITI အစီရင်ခံစာနယ်ပယ်အတွင်း ကျောက်မျက်ပြပွဲအပြင်ဘက်ရှိ အရောင်းအဝယ်ဆိုင်ရာ ပို့ကုန်အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၄။ သတ်မှတ်ချက် ၄-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။ MSG အနေဖြင့် အသုံးစရိတ်များနှင့် ကုမ္ပဏီများအတွက် အရည်အသွေးအဆင့်ကို သတ်မှတ်ဆုံးဖြတ်ရန် သဘောတရားနှင့် ရွေးချယ်မှုများကို သတ်မှတ်ရန် ဆုံးဖြတ်ရာတွင် စာရွက်စာတမ်းဖြင့် ရှင်းလင်းစွာ မှတ်တမ်းတင်သင့်သည်။

၁၅။ သတ်မှတ်ချက် ၄-၂ အရ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍသုံးခုအတွက် ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှု၏ အရည်အသွေးကို အမျိုးအစား ခွဲခြား၍ အကဲဖြတ်သင့်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် တူညီသော ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှု ပြုလုပ်ခြင်းရှိမရှိကိုလည်း နောက်အစီရင်ခံစာတွင် ရှင်းလင်းစွာ ဖော်ပြသင့်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက် နိုင်ငံ၏ ရောင်းချမှုရှယ်ယာကို ရောင်းချသောပမာဏနှင့် ရရှိသောဝင်ငွေနှင့်အတူ တင်ပြသင့်သည်။ သတ္တုတူးဖော်ရေးနှင့် ကျောက်မျက်တွင်လည်း ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှုကို SOE သို့ ကုမ္ပဏီမှ

ပေးချေမှုနှင့် အစိုးရရှယ်ယာရောင်းချမှုများကို ဝယ်ယူသောကုမ္ပဏီအလိုက် ခွဲခြားဖော်ပြသင့်သည်။ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် ငွေဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့် ပေးချေမှုဆိုင်ရာ အချက်အလက်များကို ပုံမှန်တင်ပြရန်လည်း အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၆။ သတ်မှတ်ချက် ၄-၅ အရ အစိုးရအနေဖြင့် အစိုးရထံမှ SOE များထံသို့ လွှဲပြောင်းပေးမှုများအားလုံးကို ပြည်သူလူထုကို အစိုးရ၏ သတင်းပလက်ဖောင်းများမှတဆင့် ကျယ်ပြန့်စွာ အသိပေးကြောင်း သေချာအောင် ဆောင်ရွက်သင့်သည်။ SOE ရောင်းဝယ်မှုများနှင့်ပတ်သက်၍ တင်ပြသော အချက်အလက်များ၏ ကျယ်ပြန့်မှုကို မြန်မာနိုင်ငံအနေဖြင့် SOE ၏ အခြားစာရင်းများနှင့် အခြား အဖွဲ့အစည်းများကြား ကုန်ပစ္စည်းလွှဲပြောင်းမှုများရှိမရှိ အခြားသတင်းရင်းမြစ်များမှတဆင့် လေ့လာ၍ စစ်ဆေးသင့်သည်။

၁၇။ သတ်မှတ်ချက် ၄-၇ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် နောက်လာမည့် အစီရင်ခံစာအတွက် ပရောဂျက်အဆင့် အစီရင်ခံစာတင်ခြင်းကို ပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းအားပေးထားသည်။ EITI နိုင်ငံများအနေဖြင့် ပရောဂျက်တစ်ခုလျှင် ၂၀၂၀ ဒီဇင်ဘာ ၃၁ ရက်နေ့မတိုင်ခင် နောက်ဆုံးထား၍ စီမံကိန်းအဆင့်အလိုက် အစီရင်ခံခြင်းကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရှိနိုင်သော အတိုင်းအတာကို MEITI အနေဖြင့် ဆုံးဖြတ်သင့်သည်။ MSG အနေဖြင့် ဝင်ငွေလမ်းကြောင်းများ၏ နယ်ပယ်အား လိုင်စင်ဖြင့်စည်းကြပ်ခြင်းနှင့် စီမံကိန်းအလိုက် တင်ပြခြင်းကို လုပ်ဆောင်ခြင်းကို စတင်လုပ်ဆောင်နိုင်သည်။

၁၈။ သတ်မှတ်ချက် ၄-၈ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရပလက်ဖောင်းများတွင် နောက်ဆုံးရအချက်အလက်များကို စနစ်တကျ ပုံမှန် တင်ပြရန်နှင့် ကုမ္ပဏီများကိုလည်း ထိုသို့ပင် လုပ်ဆောင်စေရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်ထားသည်။

၁၉။ သတ်မှတ်ချက် ၄-၉ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အစိုးရသည် SOE များအနေဖြင့် အစိုးရအချက်အလက်များကို ယုံကြည်မှုနှင့်ပတ်သက်၍ ထပ်မံသေချာစေခြင်းနှင့်အတူ အစိုးရအဖွဲ့များ၏ စာရင်းစစ်ပြီးသား ဘဏ္ဍာရေးရှင်းတမ်းများကို တင်ပြရန်လည်း စဉ်းစား သင့်သည်။ SOE နှင့် ကုမ္ပဏီပုံရိပ်များကို ယေဘုယျအားဖြင့် စစ်ဆေးခြင်းအဆင့်ကို တိုးတက်စေရန် သိသာထင်ရှားသော တိုးမြှင့်မှုအတွက် လုပ်ဆောင်ရန်လိုအပ်ခြင်းရှိမရှိ IA ၏ လေ့လာစောင့်ကြည့်မှုဖြင့် MSG ကို ၎င်းတို့ သဘောတူညီထားသော အချက်အလက်အရည်အသွေးစစ်ဆေးခြင်း နည်းလမ်းများကို ပြန်လည်စစ်ဆေးရန်နှင့် အချက်အလက်အရည်အသွေး တိုးတက်ရန်အတွက် ဖယ်ရှားသင့်သော အခြားနည်းလမ်းများကို ထည့်သွင်း စဉ်းစားရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၀။ သတ်မှတ်ချက် ၅-၁ အရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော် ဘတ်ဂျက်တွင် မှတ်တမ်းတင်ခြင်းမရှိသော သယံဇာတတူးဖော်မှုဝင်ငွေများနှင့် ပတ်သက်၍ ထပ်မံ ရှင်းပြခြင်းကို ပြုလုပ်ရန် လိုအပ်သည်။ ငွေစာရင်းများထံသို့ သယံဇာတတူးဖော်မှုကဏ္ဍဝင်ငွေများနှင့် ထိုဝင်ငွေများကို အသုံးပြုပုံများကို အတိအကျခြေရာခံခြင်းကဲ့သို့သော အခြားဘဏ်စာရင်းများ၏ အသေးစိတ်အချက်အလက်များကို ထပ်မံစစ်ဆေးရန်အတွက် MSG အနေဖြင့် EITI အစီရင်ခံခြင်း နယ်ပယ်ကို ကျယ်ပြန့်စေရန်နှင့် ထိုငွေစာရင်းများကို ထိန်းသိမ်းရာတွင် စည်းကမ်းချက်များကို ရှင်းပြရန် စဉ်းစားဆုံးဖြတ်သင့်သည်။

၂၁။ EITI စံချိန်စံညွှန်း၏ သတ်မှတ်ချက် ၆-၁ အရ ကုမ္ပဏီများအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ သို့မဟုတ် စာချုပ်အရ လူမှုရေးအသုံးစရိတ်များကို တင်ပြရန်လိုအပ်သည်။ ထိုအကျိုးခံစားခွင့်များကို ငွေအားဖြင့်မဟုတ်ဘဲ အခြားနည်းဖြင့်ပေးအပ်ရာတွင် ကုမ္ပဏီများအနေဖြင့် ငွေအားဖြင့်မဟုတ်သော အခြားနည်းဖြင့် ရောင်းဝယ်ခြင်း၏ သတ်မှတ်သော တန်ဖိုးနှင့် သဘောသဘာဝကို တင်ပြရန် လိုအပ်သည်။ အကျိုးခံစားသူများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း တင်ပြသင့်သည်။ ဖြစ်နိုင်ပါက ထိုပေးချေမှုများကို ချိန်ညှိသင့်သည်။ ကုန်ပစ္စည်းများနှင့်ပတ်သက်သော တစ်ဦးချင်း ဆုံးဖြတ်ချက်ဖြင့် သုံးသော လူမှုရေးအသုံးစရိတ်များကိုလည်း တင်ပြရန် ကုမ္ပဏီများကို ထပ်မံတိုက်တွန်းသင့်သည်။ အခြားပေးချေမှုများကို တင်ပြခြင်းဖြင့် အချိုးမျှသော ပွင့်လင်းမြင်သာမှုအဆင့်ကို ရရှိနိုင်သည့် ရှုထောင့်ပါရှိသော အစီရင်ခံသောလုပ်ငန်းစဉ်တစ်ခုကို ဖန်တီးရန် MSG ကို တိုက်တွန်း နှိုးဆော်ထားသည်။

၂၂။ သတ်မှတ်ချက် ၆-၂ အရ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးဝန်ဆောင်မှုများအတွက် SOEပေးချေမှုများ၊ အများပြည်သူအခြေခံအဆောက်အဦများ၊ လောင်စာဆီထောက်ပံ့မှုများနှင့် နိုင်ငံ့ငွေချေးလုပ်ငန်းများ စသည်တို့ကဲ့သို့သော နိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းစဉ်အပြင်ဘက်ရှိ နိုင်ငံတော်ဘဏ္ဍာမှ မဟုတ်သော အသုံးစရိတ်များနှင့်ပတ်သက်၍ SOE မှ တင်ပြမှုများလည်း ပါရှိရန် လိုအပ်သည်။ ကဏ္ဍစုံမှ မိတ်ဖက်အဖွဲ့အစည်းအုပ်စုအနေဖြင့် အခြား ပေးချေမှုများနှင့် ဝင်ငွေလမ်းကြောင်းများနှင့်ပတ်သက်၍ အချိုးမျှသော ပွင့်လင်းမြင်သာမှုအဆင့်ကို ရရှိနိုင်သည့် ရှုထောင့်ပါရှိသော အစီရင်ခံသော လုပ်ငန်းစဉ်တစ်ခုကို ဖန်တီးရန် လိုအပ်ပြီး SOE ထောက်ပံ့မှုများနှင့် ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သင့်သည်။

၂၃။ သတ်မှတ်ချက် ၆-၃ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် တရားဝင်အလုပ်ခန့်ထားခြင်း အချက်အလက်ကို အစိုးရ ပလက်ဖောင်းများမှတဆင့် တင်ပြခြင်းနှင့်အတူ သယံဇာတတူးဖော်မှုကဏ္ဍ၏ စီးပွားရေးတွင် ပါဝင်မှုကို စနစ်တကျ ပုံမှန်တင်ပြရန် အစိုးရကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၄။ သတ်မှတ်ချက် ၇-၁ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI အစီရင်ခံစာများကို နည်းပညာအသုံးပြုမှုနည်းသော အနှစ်ချုပ်အစီရင်ခံများ ထုတ်ဝေခြင်းဖြင့် ကျယ်ပြန့်မှုကို တိုးမြှင့်၍ ၎င်းတို့၏ ဆက်သွယ်ပြောဆိုမှုနည်းလမ်းကို အပြည့်အဝ အကောင်အထည်ဖော်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ မူဝါဒချမှတ်သူများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံတွင် လွှမ်းမိုးနိုင်သည့် အခြားအရေးပါသောနေရာမှ တစ်ဦးချင်းစီသို့ ပံ့ပိုးမှုပို့ရောက်ရှိစေခြင်းဖြင့် EITI အချက်အလက်အသုံးပြုမှုကို တိုးတက်စေနိုင်သည်။

၂၅။ သတ်မှတ်ချက် ၇-၂ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် EITI အချက်အလက်နှင့် သတင်းများကို ပြည်သူလူထုမှ နားလည်ခြင်းကို တိုးမြှင့်ရန် ရည်ရွယ်သော အစီရင်ခံစာကို လေ့လာဆန်းစစ်မှုပြုလုပ်ရန် မြန်မာနိုင်ငံကို တိုက်တွန်းနှိုးဆော်ထားသည်။ EITI အချက်အလက်ကို အခြားပြည်သူလူထုထံမှ ရရှိသော အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာနှင့် အချက်အလက်ဖိုင်ကို ပူးတွဲသင့်သည်။

၂၆။ သတ်မှတ်ချက် ၇-၃ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုကို စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းနည်းလမ်းတစ်ခုကို ကျင့်သုံးရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ နိုင်ငံရေးကတိကဝတ်များ အထူးသဖြင့် နိုင်ငံရေးကျောထောက်နောက်ခံလိုအပ်သော ရေရှည်အကြံပြုချက်များ ကို သေချာစေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သော ထောက်ခံမှုကို ပေးနိုင်သည့် အဓိကပုဂ္ဂိုလ်များကို သိရှိနိုင်စေရန် မိတ်ဖက်အဖွဲ့အစည်းဖွဲ့စည်းပုံတစ်ခုကို ပြုလုပ်ရန် စဉ်းစားသင့်သည်။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကိုလည်း သတ်မှတ်ဖော်ထုတ်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။

၂၇။ သတ်မှတ်ချက် ၇-၄ အရ အကောင်အထည်ဖော်ခြင်းကို အားကောင်းစေရန် မြန်မာနိုင်ငံတွင် EITI ရိုက်ခတ်မှုကို အကဲဖြတ်ရန်နှင့် ထိုရိုက်ခတ်မှုသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်တွင် အတိအကျတိုင်းတာမှုများဖြင့် တိုးတက်လာနိုင်ခြေများကိုလည်း အကဲဖြတ်ရန် MSG ကို တိုက်တွန်းနှိုးဆော်ထားသည်။ MSG အနေဖြင့် ရိုက်ခတ်မှုကို ဖန်တီးရန် ဖြစ်နိုင်ခြေရှိသော အခြားကိစ္စရပ်များနှင့် နယ်ပယ်များကိုလည်း စုံစမ်းရန် ထည့်သွင်းစဉ်းစားသင့်သည်။

***